တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၇) ရက်မြောက်နေ့အစီအစဉ်

(၁၁ - ၁၁ - ၂၀၂၆) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်၏ **ပုဂံမြို့ရှိ ရှင်အဇ္ဈဂေါဏ ဂူဘုရား၏ ဘွဲ့အမည်အား "မဟာသမန်းကြီးဂူဘုရား"ဟု ပြောင်းလဲပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်၏ **"လျှပ်စစ်မီး" အား (၂၄)နာရီ အချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှု ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြမဲဆန္ဒနယ်၏ **မြောင်းမြမြို့နယ်၊ အမက-ရွှေဒါးကုန်းကျောင်းနှင့် အ.ထ.က- ကဝက်ကျောင်းတို့အား ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်၊ ဆူးပဒေါင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်၏ **မြို့သစ်မြို့နယ်၊ ဖုတ်ကုန်းကျေးရွာ၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား အစိုးရအခြေခံ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်၏ **ကလေးနှင့် ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့်လမ်းနှင့် တံတားများ ပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးရယ်ဒမ်းတန်၊ နောင်မွန်းမဲဆန္ဒနယ်၏ **ပူတာအို– မချမ်းဘော– နောင်မွန်း ကားလမ်းရှိ နောင်မွန်းမြို့အဝိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ်ရှိ သဲတော၊ ရိုးဇုံလမ်းနှင့် ဘုရားဖြူ ကုက္ကိုခါးလှလမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ **အိမ်ရာပိုင်ဆိုင်မှုမရှိသူများအတွက် အငှားအိမ်ရာစနစ်များ ဖော်ဆောင်ပေးရန်နှင့် အငှားအိမ်ရာများ အသင့်ရှိမှသာ ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါ်ဥမ္မာဌေး၊ မော်လမြိုင်မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့နယ်၊ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြင့်ကင်ဆာကုထုံး စက်ကိရိယာ ထားရှိပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ္ဌ) ဦးခွန်အောင်ဆန်း၊ လွိုင်လင်မဲဆန္ဒနယ်၏ **လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင် တည်ဆောက်ပေးရန် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဒေါ်မော်မော်ခိုင်၊ ဒီးမော့ဆိုမဲဆန္ဒနယ်၏ **ကယားပြည်နယ်သို့ ပြန်လည် ဝင်ရောက်လာမည့် လူဦးရေ ပိုမိုများပြားလာနိုင်သည့်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများ တိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးမောင်ရွှေ၊ လွိုင်ကော်မဲဆန္ဒနယ်၏ **လွိုင်ကော်မြို့နယ်၊ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဎ) ဦးတင့်ဆွေ၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် Digital X-Ray စက်(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။